# VACANCY ANNOUNCEMENT
# (vacancy announcement number – 012)

| | | |
|---|---|---|
| **ရာထူး** | **-** | **Security - လုံခြုံရေး ဝန်ထမ်း ။** |
| **တာဝန်ထမ်းဆောင်ရမည့်မြို့** | **-** | **ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| **အစီရင်ခံတင်ပြရမည့်သူ** | **-** | **လက်ထောက်မန်နေဂျာ - - Admin & Procurement ။** |
| **စာချုပ်အမျိုးအစား** | **-** | **တစ်နှစ် စာချုပ် ချုပ် ဆိုမည် ဖြစ်သည် ။ အစမ်းခန့် (၃) လဖြစ်သည်။** |
| **စီမံချက်သက်တမ်း** | **-** | **၁ရက် ဇန်နဝါရီလ ၂၀၂၅ မှ ၃၁ ရက် ဒီဇင်ဘာလ ၂၀၂၅ ။** |
| **လျှောက်လွှာပိတ်မည့်ရက်** | **-** | **၂၉ရက် ဇန်နဝါရီလ ၂၀၂၅ (ဗုဒ္ဓဟူးနေ့)။** |

မြန်မာနိုင်ငံအိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများအသင်း - (အမ်ပီဂျီ)သည် (၂၀၀၅) ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး (၁၉) နှစ်တာကာလအတွင်း မြန်မာနိုင်ငံရှိအိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများ၏ ကိုယ့် အားကိုယ်ကိုးအဖွဲ့ (၁၆၀) ကျော်နှင့်ကွန်ရက် ချိတ်ဆက်ကာ အိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများ၊ ဦးတည်အုပ်စုဝင်များနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိစေရန် ကူညီဆောင်ရွက်ပေးနေသောအကျိုးအမြတ် မယူသည့် လူထုဦးဆောင် ပြည်တွင်းလူမှုကွန်ရက်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ရွေးကောက်တင်မြှောက်ထားသည့် ဒေသကိုယ်စားလှယ်များ၊ ဦးတည်အုပ်စု ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့များနှင့် အမှုဆောင်ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကွန်ရက်ခြေစိုက်ရုံး၊ ရုံးချုပ်၊ နယ်ရုံးခွဲ (၁၂) ရုံးနှင့် ကျန်းမာရေးစင်တာ (၁) ခု ဖွင့်လှစ်ကာ စီမံချက်လုပ်ငန်းများအား မြန်မာနိုင်ငံတစ်ဝှမ်းတွင် အိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများ၊ ဦးတည် အုပ်စုဝင်များ၏ စိုးရိမ်ပူပန်မှုများနှင့်ကျန်မာရေးဆိုင်ရာလိုအပ်ချက်များအတွက် (၁) စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ (၂)ကွန်ရက် ချိတ်ဆက်ခြင်း၊ (၃) ကိုယ်စားပြုပါဝင်ခြင်း၊ (၄) ခွဲခြားနှိမ့်ချ ဆက်ဆံမှုများလျော့ကျစေရန် ဆောင်ရွက်ခြင်း၊ (၅) အရေးပေါ်တုံ့ပြန် ရေးဆိုင်ရာလုပ်ငန်းများနှင့် အခြားသောအိပ်ချ်အိုင်ဗွီဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်း ၊ (၆) အရေးဆို တင်ပြတောင်းဆိုခြင်း စသည့်ရေရှည်မြဲမြံတည်တံ့သော လူထုဦးဆောင် မဟာဗျူဟာနည်းလမ်းများကို သက်ဆိုင်ရာ

ကမ္ဘာ့အဆင့်နှင့်ဒေသအဆင့် အဖွဲ့အစည်းအသီးသီးနှင့် အဓိပ္ပါယ်ရှိသော ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်သူလူထုအား ကိုယ်စားပြု၍ စံပြဦးဆောင်ပါဝင် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အမ်ပီဂျီ၏ ၂၀၂၄ - ၂၀၂၆ မဟာဗျူဟာစီမံကိန်းကာလများအတွင်း အလှူရှင်အသီးသီးနှင့် ရန်ပုံငွေထောက်ပံ့သူများ၏ ပံ့ပိုးမှုဖြင့် စီမံချက်မြို့နယ်များတွင် အိပ်ချ်အိုင်ဗွီကာကွယ်တာဆီးရေး၊ ဘဝတူပြုစုကုသ စောင့်ရှောက်ရေး၊ အခြေခံလူ့ အခွင့်အရေး၊ ဥပဒေရေးရာအကူအညီများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ် ကူညီ ဝန်ဆောင်မှုလုပ်ငန်း များအား အိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများနှင့် ဦးတည်အုပ်စုများကိုယ်တိုင်ဦးဆောင်သည့် ကျန်းမာရေး စီမံချက်လုပ်ငန်း များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အမ်ပီဂျီကွန်ရက်တွင် လစ်လပ်လျက်ရှိ သည့် ရာထူးနေရာများအတွက် လျှောက်ထားရန် အရည်အချင်းပြည့်မီပြီး စိတ်အားထက်သန်သူများကို ဖိတ်ခေါ်အပ်ပါသည်။

## ရာထူးနေရာ၏ ရည်ရွယ်ချက်

လုံခြုံရေးဝန်ထမ်း (Security) သည် ကွန်ရက်၏ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း ဌာနလုပ်ငန်းခွင်တွင် ကျန်းမာဘေးကင်းစွာ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရုံးခန်းအဆောက်အဦအတွင်းအပြင်နှင့် ရုံး ပရဝုဏ်အား ဘေးကင်းလုံခြုံရေးသန့်ရှင်းရေးနှင့်ပတ်သက်သော အခြေအနေအရပ်ရပ်ကို အချိန်နှင့်တပြေးညီ အစီရင်ခံတင်ပြရန်နှင့် အောက်ဖော်ပြပါ တာဝန်နှင့်ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်ရပါမည်။

## ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ

- ရုံးလုပ်ငန်းခွင်သို့ ရောက်ရှိလာသည့် ဝန်ထမ်းများ၊ အကျိုးခံစားခွင့်ရှိသူများနှင့် ဧည့်သည်များ၊ ယာဉ်များအား နွေးထွေးပျူငှာစွာ ကြိုဆို၍ အဝင်အထွက်မှတ်တမ်းကို စနစ်တကျစာရင်းသွင်းခြင်း။
- တာဝန်ထမ်းဆောင်ရာ ရုံးအဆောက်အဦး အတွင်းအပြင် ဘေးကင်းလုံခြုံရေးအတွက် အချိန်ပြည့် စောင့်ကြပ်ခြင်း။
- ရုံးပရဝုဏ်အတွင်း ပစ္စည်းတစ်စုံတစ်ရာ မပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပြီး အကယ်၍ ပျောက်ဆုံးမှုအစရှိသည့် ပြဿနာဖြစ်ပွားပါက သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ချက်ချင်းသတင်းပေးပို့ခြင်း။
- သူခိုး၊ သူဝှက် အန္တရာယ်ကာကွယ်ရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအစရှိသည့် လုံခြုံရေးတာဝန်များအား အမ်ပီဂျီ ၏ မူဝါဒများ လုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်း။

- ရုံးနှင့်ရုံးပတ်ဝန်းကျင်အတွင်း မတော်တဆထိခိုက်မှု၊ ခိုးမှု (သို့မဟုတ်) မသင်္ကာဖွယ်ရာတစ်ခုခုဖြစ်ပွားပါက တာဝန်ရှိ သူအား အချိန်နှင့်တပြေးညီ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့ခြင်း။
- အလုပ်တာဝန်ကျရာရုံးနှင့် သိုလှောင်ရုံအား လုံခြုံမှုနှင့်အပူချိန်ထိန်းချုပ်ထားသိုစနစ်အတွက် စောင့်ကြည့်ရန်မူအ တိုင်း လိုအပ်ပါက ကြီးကြပ်သူများ ညွှန်ကြားထားသည့်အတိုင်း စနစ်တကျ မီးစက်နိုးစီမံဆောင်ရွက်ခြင်း။
- အရေးပေါ်အခြေအနေတစ်စုံတစ်ရာဖြစ်ပေါ်ပါက သက်ဆိုင်ရာကြီးကြပ်ရေးမှူးထံ သတင်းပေးပို့၍ လိုအပ်သော ဆောင်ရွက်မှုများအား ညွှန်ကြားသည့်အတိုင်း အချိန်နှင့်တပြေးညီ စတင်လုပ်ဆောင်ရန်။
- ရုံးလည်ပတ်မှုအတွက် အသုံးပြုသည့် ရေမော်တာစနစ်၊ မီးစက်၊ စက်သုံးဆီ လက်ကျန်အား ပုံမှန်စစ်ဆေးတင်ပြခြင်း။
- အမှိုက်များအား စနစ်တကျ ကိုင်တွယ်သိမ်းဆည်းခြင်းနှင့် သတ်မှတ်လမ်းညွှန်ချက်အတိုင်း စီမံခွဲခြားစွန့်ပစ်ခြင်း။
- စီမံချက်ဝန်ထမ်းများ ကျန်းမာရေးအသိပညာများမျှဝေပေးခြင်း၊ အထောက်အပံ့များကိုသတ်မှတ်စံနှုန်းများနှင့်အညီ ကူညီထောက်ပံ့ပေးခြင်းအတွက် လိုအပ်သည့်ကူညီပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခြင်း။
- ပစ္စည်းများစိစစ်လက်ခံပေးခြင်း၊ ဘေးကင်းလုံခြုံစနစ်ကျစွာထားသိုခြင်း၊ ပြင်ဆင်ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းတို့အ တွက် ဖေးမကူညီဆောင်ရွက်ခြင်း။
- ရုံးရှိပစ္စည်းများကို ပုံမှန်စစ်ဆေးကြည့်ရှုခြင်း၊ နေ့စဥ်သန့်ရှင်းရေးပြုလုပ်ခြင်းများကို မပျက်မကွက် ဆောင်ရွက် ရမည် ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါက သက်ဆိုင်ရာ ကြီးကြပ်သူထံ အချိန်မှီသတင်းပေးပို့ခြင်း။
- တာဝန်ချထားမှုအတိုင်း လိုက်နာဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက တခြားလုံခြုံရေးဝန်ထမ်း ခွင့်ယူစဉ် အစားထိုး တာဝန်ချိန် လဲလှယ်တာဝန်ထမ်းဆောင်ခြင်း။
- လိုအပ်ပါက ကွန်ရက်မှ သီးခြားတာဝန်ပေးအပ်လာမှုများကို ကျေပွန်စွာ ဆောင်ရွက်ခြင်း။

## အရည်အချင်းသတ်မှတ်ချက်၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ

- အနည်းဆုံး အခြေခံပညာ အလယ်တန်းအဆင့်ရှိသူ ဖြစ်ရမည်။ ကောင်းမွန်စွာ စာရေးတတ်၊ ဖတ်တတ် ဖြစ်ရမည်။
- အိမ်ချံအိုင်ဗွီနှင့် ပတ်သက်သော လုပ်ငန်းများတွင် ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိဖူးသူ ဦးစားပေးမည်။
- လျှို့ဝှက်ထိန်းသိမ်းခြင်းကို စံပြလေးစားတန်ဖိုးထား လိုက်နာနိုင်သူဖြစ်ရမည်။

- အဖွဲ့အစည်းနှင့် ပူးပေါင်းနိုင်ပြီး စိတ်အားထက်သန်စွာ ခေါင်းဆောင်နိုင်သော စွမ်းရည်ရှိသူ ဖြစ်ရမည်။ ဆွေးနွေးမှုနှင့် တင်ဆက်မှုစွမ်းရည် ပြည့်ဝသူ စေ့စပ်ညှိနှိုင်းမှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ရှိသူဦးစားပေးမည်။
- ရိုးသားဖြောင့်မတ်၍ စာရိတ္တကောင်းမွန်ပြီး စိတ်သဘောထားပြည့်ဝကာ စိတ်ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။
- မီးဘေးလုံခြုံရေးသင်တန်းနှင့် ရှေးဦးသူနာပြုသင်တန်းတက်ရောက်ထားသူ ဖြစ်ရမည်။
- ကျန်းမာရေး ကောင်းမွန်ပြီး ညတာဝန်ချိန်များကို အပြည့်အဝ ထမ်းဆောင်နိုင်ရမည်။

**အိပ်ချ်အိုင်ဗွီနှင့် အသက်ရှင်နေထိုင်သူများ အထူးသဖြင့် အမျိုးသမီးများနှင့် ဦးတည်အုပ်စုဝင်များ လျှောက်ထားရန် တိုက်တွန်းအပ်ပါသည်။**

လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါလင့်သို့ဝင်ရောက်၍ဖြစ်စေ ၊ **QR Code** ကို **Scan** ပြုလုပ်၍ဖြစ်စေ လိုအပ်သော အချက်အလက်များကို ဖြည့်စွက်ကာ လျှောက်ထားနိုင်သကဲ့သို့ အီးမေးလ်လိပ်စာ hrd@myanmarpositivegroup.org သို့ ပူးတွဲပါပုံစံကိုဖြည့်စွက်၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၉ရက် - ဗုဒ္ဓဟူးနေ့ ညနေ (၅း၀၀)နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**Click Here** for Job Application Submission for this position !

သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိပြီး လိုအပ်သောအချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ထားသော သူများကိုသာအင်တာဗျူး ပြန်လည်ဆက်သွယ်ပါမည်။

**Myanmar Positive Group, Head Office**
အမှတ် ၃/၁၆ ၊ ကံ့ကော်မြိုင် ၁ လမ်း၊ ၈ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ( တနင်္လာမှ သောကြာ) ဆက်သွယ်နိုင်ပါသည်။
( ၀၉ ၇၆၉၁ ၆၀ ၄၃၀၊ ၀၉ ၇၆၅၆ ၃၉၇၇၅၊ ၀၉ ၇၇၇ ၂၂ ၆၀၀၆)

အမ်ပီဂျီသည် မိမိတို့ထံမှ ဝန်ဆောင်မှုနှင့် အကျိုးခံစားခွင့်များ ရယူသူများ အပေါ်တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှု ပြုလုပ်ခြင်းတို့အား “ လုံးဝခွင့်မပြုချက်မရှိ” သက်ညှာထောက်ထားမှု ရှိမည်မဟုတ်ဘဲ အားကောင်းမှုရှိသော မူဝါဒနှင့်အတူ တိကျသေချာသော အရေးယူဆောင်ရွက်ချက်များဖြင့် လိုက်နာ ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။
လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုလုပ်မှုတို့မှ အကာအကွယ်ပေးရေး (PSEA – Protection from Sexual Exploitation and Abuse) သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်နေသော ဝန်ထမ်းတိုင်း၏ အရေးကြီးတာဝန်ဖြစ်ပြီး PSEA ၏ အခြေခံမူများ ၊ ကျင့်ဝတ်စည်းမျဉ်း စည်းကမ်းများကို အချိန်တိုင်း ( အလုပ်ချိန်အတွင်း သာမက အလုပ်ချိန်ပြင်ပ) တွင်လည်း လိုက်နာရန် လိုအပ်ပါသည်။

အမ်ပီဂျီသည် ခွဲခြားဆက်ဆံမှု ကင်းစင်သော လုပ်ငန်းခွင်လည် ပတ်မှု ဖြစ်ပေါ်စေရန် ကတိကဝတ်ပြုပြီး မတူကွဲပြားမှု အားလုံးအပေါ်တွင် တန်ဖိုးထားလျက် ရှိပြီး အလုပ်လျှောက်လွှာပေးပို့သည့် မည်သည့် အလုပ်လျှောက်ထားသူကို မဆို နှင့် မည်သည့်ဝန်ထမ်းကိုမဆို ၎င်းတို့၏ လူမျိုး ၊ အသားအရောင် ၊ လိင်ဖြစ်တည်မှု ၊ အသက်အရွယ်၊ မသန်စွမ်းမှု အခြေအနေ ၊ အကျဉ်းကျ ခံထားရသည့် ရာဇဝင်၊ အိမ်ထောင်ရေး အခြေအနေ ၊ လိင်စိတ်တိမ်းညွတ်မှု ၊ လိင်ဝိသေသ ခံယူမှု သို့မဟုတ် လိင်အသွင်သဏ္ဍာန် ဖော်ပြမှု စသည်တို့ တို့ကို လေးစား တန်ဖိုးထားပြီး သာတူညီမျှမှုများကို အခြေခံထားပါသည်။ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ရန် အန္တာရာယ် ကျရောက် လွယ်သော အုပ်စုဝင်များဖြစ်သည့် အမျိုးသားချင်း ချစ်ခင်စုံမက်သူများ ၊ အမျိုးသမီး လိင်အလုပ်သမများ ၊ မူးယစ်ဆေး အကြောဆဲ ထိုးသွင်းသူများ နှင့် LGBTQIA ++ များ အပါအဝင် အိပ်ချ်အိုင်ဗွီပိုး နှင် အသက်ရှင်နေထိုင်သူများ အားလုံးကို လျှောက်ထားရန် အတွက်လည်း တိုက်တွန်းအပ်ပါသည်။

*MYANMAR POSITIVE GROUP (MPG)* *Job Application Form*

**Name of Applicant** (လျှောက်ထားသူအမည်) : ..........................................................................................

**Please choose your gender**(တစ်ခုရွေးချယ်ပေးပါရန်) : ကျား ☐ မ ☐ အခြား ☐

**Vacancy Announcement Number**(အလုပ်ခေါ်စာအမှတ်) : ..........................................................................................

**Applied Job Position**(လျှောက်ထားလိုသည့်ရာထူး) : ..........................................................................................

**N.R.C Number**(မှတ်ပုံတင်အမှတ်) : ..........................................................................................

**Date of Birth** (မွေးသက္ကရာဇ်) : ..........................................................................................

**Current Address** (ယခုနေရပ်လိပ်စာ) : ..........................................................................................

: ..........................................................................................

**Permanent Address** (အမြဲတမ်းနေရပ်လိပ်စာ) : ..........................................................................................

: ..........................................................................................

**Email & Contact Phone** (အီးမေးလ် နှင့် ဖုန်းနံပါတ်) : ..........................................................................................

**Expected Salary** in MMK ( ခန့်မှန်းလစာ) : ..........................................................................................

**Education Background: (ပညာအရည်အချင်း)**

| Institution | Year | Degree/Diploma/Certificate | Place | Remark |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |

**Work Experience-1 (လုပ်ငန်းအတွေ့အကြုံ - ၁)**

| | |
|---|---|
| Job/Designation | |
| Department/Organization | |
| Period | |
| Duration | |

**Work Experience-2 (လုပ်ငန်းအတွေ့အကြုံ - ၂)**

| | |
|---|---|
| Job/Designation | |
| Department/Organization | |
| Period | |
| Duration | |

**Work Experience – 3 (လုပ်ငန်းအတွေ့အကြုံ -၃)**

| | |
|---|---|
| Job/Designation | |
| Department/Organization | |
| Period | |
| Duration | |

**Referee -1 (ထောက်ခံသူ -၁)**

| | |
|---|---|
| Name | |
| Position | |
| Organization | |
| Phone No. | |
| E-Mail Address | |

**Referee -2 (ထောက်ခံသူ -၂)**

| | |
|---|---|
| Name | |
| Position | |
| Organization | |
| Phone No. | |
| E-Mail Address | |

If you have family member or relative current employed in the Myanmar Positive Group, please fill out below input data/အမ်ပီဂျီ တွင် လက်ရှိအလုပ်လုပ်ကိုင်နေသော သင့်မိသားစုဝင် (သို့မဟုတ်) ဆွေမျိုးရှိပါက အောက်ပါ အချက်အလက်များကို ဖြည့်သွင်းပေးပါ။

| Sr/စဥ် | Name /အမည် | Relationship /တော်စပ်ပုံ | Designation/ရာထူး | တာဝန်ထမ်းဆောင်ရာရုံး Assigned Office |
|---|---|---|---|---|
| | | | | |
| | | | | |

Do you have any criminal record and disciplinary record in your previous job? Also, do you have any investigation for any misconduct (including SEA / SH/ Child Protection)? / သင့်အနေဖြင့် ရာဇဝတ်မှုမှတ်တမ်းနှင့် ယခင် အလုပ်များတွင် စည်းကမ်းဖောက်ဖျက်မှုဆိုင်ရာ မှတ်တမ်း များ ရှိပါသလား ။ ထို့ပြင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု မဖွယ်မရာပြုမူ ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စည်းမျဥ်းကျင့်ဝတ်ချိုးဖောက်မှုများအတွက် စုံစမ်းစစ်ဆေးခြင်း ခံရခြင်းမျိုး ရှိဖူးပါသလား ။

| | | |
|---|---|---|
| Yes/ရှိပါသည်။ | | ရှိပါက ရေးသား ဖော်ပြပေးပါရန် |
| No / မရှိပါ။ | | |

Signature of Applicant -